# နှလုံးသားနှင့် ကြည့်ပါ

ဦးတင်ဦး (ကျူရှင်)



# အမှာ စာ

စာဖတ်သူများ လက်ဝယ်ရောက်ရှိလာသည့် ဤစာအုပ်မှာ ကျွန်တော် ၏ (၁၁)အုပ်မြောက် ဆောင်းပါးပေါင်းချုပ် ဖြစ်ပါသည်။ နောက်ဆုံးထုတ်ဝေခဲ့သော ဆောင်းပါးပေါင်းချုပ်များ မှာ အကောင်းမြင်နှင့် အမှန်တွေ းနှင့် အတွေ ့အကြုံနှင့် အတွေ းအမြင် ဟူသော စာအုပ်များ ဖြစ်ပါသည်။ ယင်းတို့ကို ၂၀၁၁ ခုနှစ် ဇန်နဝါရီလ အတွင် းက ထုတ်ဝေခဲ့ခြင်း ဖြစ်ပါသည်။

ထိုနှစ် အုပ်အနက် ဒုတိယစာအုပ်မှာ ယခင်ထွက်ပြီးသမျှစာအုပ်များ ထဲမှ ကောင်းနိုးရာရာ ဆောင်းပါးများ ကို ပြန်လည်ရွေးချယ် စုစည်း၍ ထုတ်ဝေလိုကြောင်း ဒိုသာပါမောက္ခစာပေက ပြော၍ ထုတ်ဝေသူဆန္ဒအတိုင်း ထုတ်ဝေခွင့်ပြုခဲ့သော စာအုပ် ဖြစ်ပါသည်။

ပထမစာအုပ် ဖြစ်သည့် အကောင်းမြင်နှင့် အမှန်တွေ း စာအုပ်မှာ MRTV-4 နှင့် အချို့စာစောင်များ ၏ ရောင် းအကောင်းဆုံး ၁၀ - အုပ်စာရင်းတွင် ကာလအတန်ကြာ နေခဲ့ကြောင်း သိရပြီး ဒုတိယစာအုပ်ကိုလည်း ပရိသတ်များ ဝယ်ယူအားပေးကြကြောင်း သိရပါသည်။

စာရေး သူ တစ်ယောက် အနေဖြင့် မှ မိမိရေး သားသော စာအုပ်များ ကို ပရိသတ်များ လိုလားနှစ်သက် သည်ဟုသိရသည့်အခါ ဓမ္မတာအတိုင်း ဝမ်းသာကြည်နူး ဖြစ်ရမြဲ ဖြစ်ပါသည်။ ကျွန်တော် ကမူ ကျွန်တော့်စာအုပ်များ ကို စာဖတ်ပရိသတ်များ က ဝယ်ယူအားပေးကြကြောင်းသိရလျှင် စာရေး သူ၏ ဝမ်းသာခြင်းမျိုးအပြင် မိမိစာအုပ်များ ကို လိုလိုလားလား ထုတ်ဝေချင်ကြသည့် ထုတ်ဝေသူများ လည်း အကျိုးရှိနိုင်သဖြင့် ၎င်းတို့အတွက်ပါ တိုး၍ ဝမ်းသာရပါသည်။

ထုတ်ဝေသူက အမှာ စာလေးပါ ထည့်လိုသဖြင့် သာ ဤအမှာ စာကို ရေး ရပါသည်။ တကယ်တော့ ကျွန်တော့်စာများ နှင့် ပတ်သက်၍ အထူးထလည် ပြောစရာ ရှိမည် မထင်ပါ။ သို့ ရာတွင် ပြောဖို့ ကြုံတော့လည်း ပြောစရာမရှိတာကိုပင် ပြောရဖို့ရှိပါသည်။

ပြောစရာမရှိဟု ဆိုရခြင်းမှာ စာရေး ဆရာသည် သူရေး ချင်ရာ ရေး သည်ကို စာဖတ်သူက ရွေးချယ်၍ ဖတ်သည့် သဘာဝ ရှိပေရာ ကျွန်တော် ရေး တာကို ကြိုက်နှစ်သက်သည့် စာဖတ်သူများ က ကျွန်တော့် စာကို ဖတ်ကြမည် ဖြစ်ပြီး ကျွန်တော့် စာကို မနှစ်သက်သူများ က ရှောင်ရှားသွားကြမည် ဖြစ်သော ကြောင့် ပါပေ။ ကျွန်တော့် စာများ ကို စဉ်ဆက်မပြတ်ဖတ်လာကြသူများ သည် ကျွန်တော် သည် ဘယ်သို့ သော အကြောင်းအရာများ ကို ရေး တတ်သည်၊ ဘယ်လိုရေး တတ်သည်ကို သိနေကြပြီး ဖြစ်ပါ၏ ။

ကျွန်တော် မကြာခဏ ရေး ဖူးသလိုပင် ကျွန်တော် သည် ရောက်မိရောက်ရာ ရေး သူ ဖြစ်ပါ၏ ။ ရောက်မိရောက်ရာ နည်းမျိုးဖြင့် ပင် ရေး သော် လည်း ကျွန်တော် သည် မရေး မီ စာဖတ်သူများ အား ဘာလေးတော့မျှဝေပေးလိုက် ချင်၏ ဟူသော စေတနာနှင့် ရည်ရွယ်ချက်ကလေးတော့ ထား၍ ရေး ပါသည်။ စာဆုံးသွားသော အခါ တနေရာရာသို့ တော့ ရောက်သွားတတ်ပါသည်။ သို့ ရာတွင် ရောက်မိရောက်ရာ ရေး ရင်း ဘယ်ကိုမျှ မရောက်ဟု စာဖတ်သူများ က ခံစားမိသည်ဆိုပါလျှင် ကျွန်တော် ညံ့သွားလို့သာ ဖြစ်ပါလိမ့်မည် ။

ဤစာအုပ်တွင် မဂ္ဂဇင်း တစ်ဒါဇင် ကျော်ထဲ၌ ရေး သားခဲ့သော ဆောင်းပါး ၂၁ - ပုဒ်တို့ကို စုစည်းပေးထားပါသည်။ ယင်းတို့တွင် အများ စုသော ဆောင်းပါးများ မှာ ကျွန်တော် ပြောလိုရာ တစ်ခုခုကို ဦးတည်၍ ရေး သားထားသော အတွေ့ အကြုံနှင့် အတွေး အခေါ်ဆောင်းပါးများ ဖြစ်ကြသည်ဟု ဆိုနိုင်ပါသည်။

အမျှဝေဆောင်းပါး၊ လမင်းကြီးထိန်ထိန်သာသော ည၊ နှစ် လေးဆယ် ဘဝမှတ်တိုင်များ မှသည် နှစ် ငါးဆယ်သို့ သမင်လည်ပြန်၊ ရေမသောက်သော မြင်းကလေး စသော ဆောင်းပါးများ မှာ ကျွန်တော် ၏ ပုဂ္ဂလိကခံစားချက်ဘက်သို့ လုသည့် ဆောင်းပါးများ ဟု ဆိုနိုင်ပါသည်။ သို့ ပင် ပုဂ္ဂလိက ခံစားချက်ဘက်သို့ လုနေသည်ထင်ရသော် လည်း ကျွန်တော့ဘဝကို ပြန်သုံးသပ်ချက်များ ၊ စာဖတ်သူများ တွေ းကြည့်စရာများ လည်း ပါနိုင်မည်ဟု ထင်ပါသည်။

မလွှမ်းတော့ပါ နိုင် နှင့် ရေအယဉ်ကို ဖြတ်ကူးခဲ့ကြသူများ ဟူသော

ဆောင်းပါးများ သည် ကျွန်တော် အသက်(၂၀) ကျော် (၃၀) နီးပါးအတွင်း းက နမြောဖွယ်အချိန်များ ကို ပြန်လည်အောက်မေ့ထားသော စာများ ဟုဆိုနိုင်ပါသည်။

ဇေယျ၏ စာပေအယူအဆ သုခအလှည့်များ ၊ ခေတ်စမ်း သုံးဦးအပေါ် ဦးသိန်းဖေမြင့် အမြင်နှင့် ကိုနင်ဒွိုင်း၏ ရှားလော့ဟုမ်း နှင့် ရွှေဥဒေါင်း၏ မောင်စံရှား ဆောင်းပါးများ မှာ ထိုစာရေး ဆရာကြီးများ ကို မမီလိုက်ကြသူ လူငယ်များ အတွက် စိတ်ဝင်စားဖွယ် စာပေ ဆောင်းပါးများ ဟု ဆိုနိုင်ပါသည်။

ပေးသူ ယူသူ နှင့် ဆရာများ ၏ ဖြဟ္မစိုရ်တရား ဟူသော ဆောင်းပါးနှစ် ပုဒ်မှာ ကျွန်တော် ၏ ပုဂ္ဂလိကခံစားချက်သဘော ဆောင်နေသော် လည်း စာဖတ်သူများ တွေ းတောခံစားမည် ဆိုက ‘ဆရာဆိုသည်မှာ ’ဟူသော အနက်အဓိပ္ပါယ်သတ်မှတ်ချက်များ စွာ ထဲက တစ်ချက်နှစ် ချက်လောက်ကို မြင်သွားဖွယ်ရှိပါသည်။

ယခု အမှာ စာရေး ဖို့ စာအုပ်တွင် ပါဝင်သည့် ဆောင်းပါးများ ခေါင်းစဉ်များ ကို ပြန်ကြည့်မိမှပင် ဤစာအုပ်နှင့် အကြောင်းအရာ အမည် စုံ (အမယ်စုံ) သဘောတွေ ့လိုက်ရသည်။ အမယ်စုံ ဖတ်ရခြင်းသည်လည်း စာဖတ်သူများ အတွက် တစ်နည်းအားဖြင့် ကောင်းသည်ဟု တွေ းမိပါသည်။

စာဖတ်သူများ အား ဤစာအုပ်တွင် ဖတ်ရမည့် စာများ ကို မိတ်ဆက်ပေးခြင်းသည် ဤမျှနှင့် ပင် သင့်လောက်ပြီဟု ထင်ပါ၏ ။

အမှာ စာကို နိဂုံးမသတ်မီ ပြောလိုသေးသော အချက်တစ်ချက်ကိုလည်း ပြောခွင့်ပြုစေချင်ပါသည်။

ကျွန်တော် သည် ကျွန်တော် ၏ ပွဲဦးထွက်စာအုပ်မှာ ပင် (ရေး ခိုင်းစရာ အသိအကျွမ်း ဆရာကြီးများ မရှိသဖြင့် ) ကိုယ့်ဘာသာ အမှာ စာရေး ၍ ပွဲဦးထွက်လာသူ ဖြစ်သည်။ အချို့စာအုပ်များ ၌ အမှာ စာမပါသော် လည်း ပါသမျှစာအုပ်တိုင်းမှာ လည်း ကျွန်တော် ၏ စာဖတ်ပရိသတ်များ ကို ကျေးဇူးတင်ကြောင်း ဖော်ပြခဲ့ပါသည်။

သို့ ရာတွင် ကျွန်တော့်စာများ ကို လိုလိုလားလား နှင့် ပုံနှိပ်ဖော်ပြခဲ့သော

စာစောင် မဂ္ဂဇင်းများ ကို ကျေးဇူးတင်ကြောင်း ဖော်ပြမိခဲ့သည်ဟု မမှတ်မိပါ။ ကျွန်တော် သည် ပုံမှန်စာစောင်၊ မဂ္ဂဇင်းများ ၊ မြို့ နယ်မဂ္ဂဇင်းများ နှင့် သီးသန့်ထုတ် လုံးချင်းစာအုပ်များ စသည့် စာစောင် မဂ္ဂဇင်း (၇၀) ကျော်တွင် ရေး သားခဲ့ပေရာ ကျွန်တော့်စာများ စာအုပ်အ ဖြစ်သို့ ရောက်လာရေး တွင် ထိုစာစောင် မဂ္ဂဇင်းများ က မူလဘူတအခြေခံအကျဆုံး ဖြစ်ပါသည်။ ထို့ကြောင့် ယင်းတို့၏ ကျေးဇူးသည်လည်း ကြီးမားလှပါသည်။

သို့ ဖြစ်ပါ၍ ဤစာအုပ်ပါဆောင်းပါးများ ကို ဦးစွာ ပုံနှိပ်ဖော်ပြပေးခဲ့သည့် မဂ္ဂဇင်းများ ကိုသာမက ကျွန်တော့်စာများ ကို ဖော်ပြပေးခဲ့ကြသည့် အခြားအခြားသော စာစောင်မဂ္ဂဇင်းများ ကိုလည်း စာဖတ်သူများ ကိုကျေးဇူးတင်ရသကဲ့သို့ ပင် ကျေးဇူးတင်လှပါကြောင်း ဖော်ပြရင်း ကျွန်တော့် မှာ စာကို နိဂုံးချုပ်လိုက်ပါသည်။

♥ ♥ ♥

# အမှာစကား ဆောင်းပါး

ကျွန်တော် သည် ငယ်ရွယ်စဉ်က စီးပွားပျက်ရာပျက်ကြောင်း၊ ကျန်းမာရေး ထိခိုက်ရာ ထိခိုက်ကြောင်းအမှု များ ဖြစ်သည့် လောင်းကစားခြင်းနှင့် အရက်သောက်ခြင်းတို့ကို ပြုခဲ့ပါသော် လည်း သုံးမရ၊ လွှင့်ပစ်လိုက်ရသည့် ပစ္စည်းပမာ အချည်းနှီးလူကြီးအ ဖြစ်သို့ ရောက်မသွားဘဲ ယခုအခြေအနေကလေးမျိုး ရောက်နေခြင်းမှာ ကံကောင်းသည်ဟု ဆိုရပေမည် ။

ထိုသို့ မိမိကိုယ်ကို ပြန်လည် အဖတ်ဆယ်နိုင်ခြင်းမှာ လည်း မိဘ နှင့် ဆရာသမားတို့အပေါ် ရှိသေလေးစားသည့် ကျေးဇူးကြောင့် လားဟုလည်း ပြန်လည် သုံးသပ်မိပါသည်။

ယခုအခါ ကျွန်တော့် အသက်သည် အတန်ကြီးသည့်အရွယ်သို့ ရောက်ခဲ့ပြီ ဖြစ်ရာ မကြာမကြာ မိမိ ဘဝတစ်လျှောက် ပြုမိခဲ့သော ကောင်းမှု ၊ မကောင်းမှု များ ကို ပြန်ပြန် စဉ်းစားကြည့်မိပါသည်။

ထိုသို့ စဉ်းစား ကြည့်သည့်အခါ ကျွန်တော့် မှာ အမြဲတမ်းလို မွဲနေသူ ဖြစ်သဖြင့် မိဘ၊ ဆရာသမားတို့အား ရုပ်ဝတ္ထုပစ္စည်းများ ဖြင့် ကြီးကြီးမားမား ထောက်ပံ့ပြုစုနိုင်ခဲ့ခြင်းမျ းကို မတွေ့ ရပါ။ တစ်ခါတစ်ရံ မပြောပလောက်သော မုန့်ပဲ သရေစာကလေးများ လောက်၊ တဘက်၊ ပုဆိုးစသည့် အဝတ်အထည်ကလေးများ လောက်နှင့် သာ ထောက်ပံ့ပူဇော် ကန်တော့ခြင်းမျိုးကို ပြုဖြစ်ခဲ့ကြောင်း တွေ့ ရပါသည်။

သို့ ရာတွင် ကျွန်တော့်မှာ ငယ်စဉ်က ဘုန်းတော် ကြီးကျောင်း၌ ဗုဒ္ဓဘာသာ အခြေခံကျမ်းစာများ ကို လေ့လာသင်ကြားခွင့် ရရှိခဲ့သော ကြောင့် ငယ်စဉ်ကပင် အမိအဖ ဆရာသမားတို့၏ ကျေးဇူးကို သိအပ်သည်ဟူသော ဗဟုသုတများ ရှိခဲ့သည်နှင့် အညီ မိခင်၊ ဖခင် နှင့် ဆရာသမားတို့ အပေါ်ကား ကျွန်တော် သည် မနောကံအားဖြင့် အမြဲတမ်း အောက်မေ့ကော်ရော် ပြုနေတတ်သော အကျင့်ကလေးရှိနေခဲ့၏ ။

ထို့ကြောင့် ကျွန်တော့်မိခင် မကွယ်လွန်မီကလည်း ကျွန်တော် ကောင်းစွာ ပြုစုခွင့် ရလိုက်သည်။ ဖခင် မကွယ်လွန်မီကလည်း ဖခင်အား သေလုဆဲဆဲ အခြေအနေမှာ ပင် စိတ်ချမ်းသာမှု ကလေး ရအောင် ပြုစုပေးနိုင်ခဲ့သည်။

ထိုသို့ ဆရာ၊ မိဘတို့အပေါ် ပြုခဲ့ဘူးသော မိမိ၏ ကုသိုလ်ကောင်းမှု ကလေးများကို ယခု ပြန်လည်စဉ်းစားမိသည့်အခါ ကျွန်တော် သည် (အားရလောက်အောင်ပင် မဟုတ်သော် လည်း) တော် ပေသေးရဲ့ ၊ ငါ့မှာ ဒီကုသိုလ်ကလေးတွေ ရှိနေခဲ့လို့ဟု အောက်မေ့ ဝမ်းသာရပါသည်။

ကျွန်တော့် ဖခင်သည် ၁၉၈၄ ခုနှစ် ၊ မတ်လတွင် စတင်မကျန်းမာပြီး စက်တင်ဘာတွင် ဆုံးသွားသည်။ ထိုခြောက်လတာအတွင်း ၊ ကျွန်တော် တတ်အားသမျှ ကုသပြုစုပေးခွင့် ရသည်။ မသေမီ တစ်လခွဲလောက်တွင် ဗုန်းဗုန်းလဲသွားသည့် အခါ ကျွန်တော် သည် ညဉ့်တွင် ကျွန်တော့် အိမ်မှာ အအိပ်ဘဲ ညစဉ် နှစ် မိုင်ခန့်ဝေးသည့် ဖခင်နေထိုင်ရာ ရွာသို့ သွား၍ ဖခင်အပါး၌ သွားအိပ်ပြီး နံနက် မိုးမလင်းမီ မိမိအိမ်သို့ ပြန်လာသည်။ (တပည့်တွေ ကို စာသင်ပေးသည့် အလုပ်ကလည်း စွန့်ခဲ့၍ မရသဖြင့် နေ့မှာ စာသင်၊ ညတွင် ဖခင်ထံ သွားပြုစုရခြင်း ဖြစ်ပါသည်။)

လူများ သည် သေချိန်နီးလာလေ အင်အားတို့ ပို၍ ပို၍ ဆုတ်ယုတ်လာလေ ဖြစ်တတ်ရာ ထိုသို့ ခုခံတွန်းလှန်ရန် အင်အား ဆုတ်ဆုတ်သွားသည်နှင့် အမျှ ဝေဒနာခံရသည်မှာ လည်း ပို၍ ပြင်းထန်လာတတ်ပါသည်။ ဖခင်၏ ဝေဒနာသည် တစ်နေ့ထက်တစ်နေ့ တိုးတိုးလာသဖြင့် တိုးတိုးပြီးလည်းအခံရဆိုးလာပါသည်။ ထိုသို့ သော အခြေအနေမျိုးတွင် ကျွန်တော် သည် ဖခင်၏ အနီးမှ တန်းလျားပေါ်တွင် ထိုင်ကာ ဗောဇ္ဈင်သုတ်ကို ရွတ်ပေးရာတွင် ဖခင်သည် ဝေဒနာကို သည်းခံပယ်ဖျောက်ပြီး ကောင်းစွာ နာယူသည်။

ခေါက်ရေ အတန်အသင့် များများ ရွတ်ပြီးနောက် ရပ်လိုက်သည့်အခါတွင် ကျွန်တော့် ဖခင်က "ကောင်းလိုက်တာ လူလေးရာ၊ အဖေ့ဝေဒနာတွေ သက်သာသွားတာပ " ဟု နှစ်သက် ဝမ်းမြောက်စွာ ပြောပါသည်။ သေတော့မည့် လူ သေမှာ ကို မေ့ပြီး တကယ်ပင်

ပီတိ သော မနသ   ဖြစ်သော လေသံဖြင့် ပြောလိုက်သည်ကို ကျွန်တော် ကြားရသည့်အခါ ဖခင်မသေမီ မိမိ ပြုခွင့်ရသော ကုသိုလ်အတွက် ကျွန်တော့် မှာ လည်း ဝမ်းမြောက်ရပါသည်။

ဖခင်သည် လုံးဝစကားမပြောနိုင်လောက်သည့် အခြေအနေသို့ ရောက်ကာ နေ့လား ညလား နာရီပိုင်းလားဟု သေမည့် အချိန်ကို အတပ်မမှန်းသာတော့သည့်အချိန်မျိုး ရောက်လာသည့်အခါ ဖခင်လူမမာသည် တစ်ခါတစ်ရံ စကားပြောရန် ကြိုး စားပါသည်။

ကျွန်တော် က-

"အဖေ စကားပြောရင် ပိုမောမယ်၊ စကားမပြောဘဲ ထွက်သက်ဝင်သက်ကလေးကို သတိ ဖြစ်နိုင်သလောက် နှလုံးသွင်းမှတ်ပြီး နေမယ်ဆိုရင် ပိုကောင်းမယ်"

ဟု အကြံပေးသည့်အခါ ဗဟုသုတ မနည်းသည့် ဖခင်သည် ခေါင်းညိတ်၍ နောက်ထပ်စကားပြောဖို့ ကြိုး စားတာ မတွေ့ ရတော့ပါပေ။

ကျွန်တော့် ဖခင်သည် ထွက်သက် ဝင်သက်ကို ကြိုး စားမှတ်ရင်းပင် အသက်ထွက်သွားမည် ဟု ကျွန်တော် ယုံကြည်ပါသည်။

ကျွန်တော့် ဖခင်ကို ငွေကြေးဓနများ ဖြင့် ဖြစ် ဖြစ်မြောက်မြောက် ထောက်ပံ့ခွင့်မရသော်လည်း သူ မသေမီကာလပိုင်း၌ ကျွန်တော် ပြုလိုက်ခွင့်ရသော ထိုကုသိုလ်များ အတွက် ကျွန်တော့် မှာ ပြန်လည်ဝမ်းမြောက်ခွင့် ရပါပေသည်။

ထို့အတူ ကျွန်တော့် ဆရာတစ်ဦးအပေါ်၌ လည်း ဖခင်အပေါ်ပြုခဲ့သည့် ကုသိုလ်များ ကဲ့သို့ ပင် ကျွန်တော် ပြုစုခွင့် ရလိုက်သေးပေသည်။

ကျွန်တော့် အား စာသင်ပေးခဲ့သော ဆရာ၊ ဆရာမ အများ အပြားရှိလေရာ ဆရာ၊ ဆရာမ အားလုံး၏ ကျေးဇူးကို ကျွန်တော် အောက်မေ့ပါသည်။ သို့ ရာတွင် ကျွန်တော် အား စာလည်းသင်ပေးကာ မိဘနှင့် မခြား ဆုံးမပဲ့ပြင်ပေးခဲ့သည့် ကျေးဇူးအကြီးဆုံးဆရာဟု ကျွန်တော် သတ်မှတ်ထားသူကား ကျွန်တော့် အားအင်္ဂလိပ်စာ အခြေခံကို သင်ပြပေးခဲ့သည့်

ဆရာဦးအောင်သိန်း ဖြစ်သည်။ ဆရာဦးအောင်သိန်းပြီးလျှင် ကျွန်တော့် ကိုတကယ်ချစ်ပြီး တပည့်လိုမကသား တစ်ယောက် လိုပါ မေတ္တာထားခဲ့သူဟု ကျွန်တော် သတ်မှတ်ထားသူကား ဆရာဦးသန်းမောင် ဖြစ်သည်။

ဆရာဦးသန်းမောင်သည် ဇာတိအားဖြင့် ပျော်ဘွယ်သားဟု ဆိုရပါမည်။ သူဝိဇ္ဇာ(အပိုင်း-က) အောင်ပြီး အထက်တန်းပြဆရာ ဖြစ်တော့ အေလာ အ.ထ.ကရောက်လာသည့် ( ၁၉၅၇-၅၈ ) ခုနှ သဝတ္တိတွင် အေလာအထက်တန်းကျောင်း၏ ကျောင်းခွဲအ ဖြစ် ဖွင့်ခွင့်ရတော့ ဆရာနှင့် ဦးကြွယ်ဟု အမည် ရှိသူ အခြားဆရာတစ်ဦးတို့ ရောက်လာသည်။

ထို့ကြောင့် ဦးသန်းမောင်သည် ကျွန်တော် အထက်တန်းရောက်မှ ဆရာအ ဖြစ်တော် ရသူ ဆိုရမည်။ သို့ ရာတွင် သူ၏ ကျေးဇူးမှာ လည်း ကျွန်တော့် ငယ်ဆရာ ဦးအောင်သိန်းကဲ့သို့ ပင် ကြီးမားပါပေသည်။

ကျွန်တော် တို့သည် ထိုခေတ်က ရှစ်တန်းအောင်ပြီး နောက်တစ်နှစ် တွင် (၁၀)တန်းဖြေ၊ နှစ် ချင်း တက္ကသိုလ်ဝင်တန်းအောင်သဖြင့် ဆရာနှင့် နေရချိန်မှာ နှစ် နှစ် ခန့်သာ ဖြစ်ပါ၏။ သို့ ရာတွင် ကျွန်တော် နှင့် ဆရာသည် ထိုနှစ် နှစ် အတွင်း၌ ပွန်းပွန်းတီးတီးရှိခဲ့သည်။

ဆရာသည် ရောက်ပြီး နောက်နှစ် တွင် စာမေးပွဲဆက်ဖြေ၍ ဝိဇ္ဇာ(အပိုင်း-ခ) လည်းအောင်ကာ အထက်တန်းဆရာအ ဖြစ်မှ သာဝတ္တိအလယ်တန်းကျောင်းတွင် ကျောင်းအုပ်အ ဖြစ်သို့ လည်း ရာထူးတိုးသည်။ လူပျိုလူလွတ် ဖြစ်သဖြင့် မူလတန်း ဆရာတစ်ဦးအိမ်တွင် (အခြားရပ်ဝေး ဆရာသုံးဦးနှင့် အတူ) ထမင်းလခပေးစား၏။ အိမ်ရှင်ဆရာက တစ်ဦးလျှင် ထမင်းလခ (၃၀) ကျပ်ယူသည်ကို ဆရာက (၄၀)ကျပ်ပေးစား၏။

အိမ်ရှင်ဆရာက မတောင်းဘဲ ပိုပေးသည်မှာ -

"ငါက ကျောင်းအုပ် တစ်ယောက် ပဲ။ ကိုယ့်လက်ထောက် ဆရာတစ်ဦးကို အခြားဆရာများ ထက် ငွေ(၁၀)ကျပ်ပိုပေးခြင်းသည် ဘယ်လိုတွေးတွေး ပြုထိုက်သော

အရာ ဖြစ်သည်”

ဟုဆရာယုံကြည်ပါသည်။

ဆရာသည် အလွန်သဘောကောင်း၊ အလွန်စကားနည်း၊ အေးအေးဆေးဆေးနေတတ်သူ ဖြစ်၍ အခြားဆရာလိုပင် ထမင်းလခပေးစားသည့်အိမ်တွင်ပင် အိပ်လျှင် ဖြစ်သော်လည်း အများ နှင့် ရောယှက် မအိပ်လိုသဖြင့် ထိုအိမ်၏ ခေါင်းရင်းဘက်က အိမ်တွင် ငှားနေသည်။ (အိမ်ရှင် သနပ်ရှင်း နိုင်ငံရေး သမားသည် အဖမ်းခံရမှာ စိုး၍ ရှောင်တိမ်းနေသဖြင့် ထိုအိမ်လွတ်နေသည်ကို ဆရာက သီးသန့်ငှားနေခြင်း ဖြစ်သည်။)

ကျွန်တော် နှင့် ဆရာသည် ကျောင်းတွင် စာသင်ချိန်၌ သာ အတွေ့များ သည် ဖြစ်၍ အခြားသော နည်းဖြင့် အဆက်အသွယ် မရှိပါ။ သို့ရာတွင် ဆရာသည် ဆရာစိတ် အပြည့်ရှိ ဖြစ်ရာ ကျွန်တော် က စာတော် ကျောင်းသား ဖြစ်၍ ကျွန်တော့် ကိုချစ်သည်။ တစ်ဖန် ကျွန်တော် က ဆင်းရဲချို့တဲ့သူလည်း ဖြစ်ရာ မေတ္တာတွင် ကရုဏာလောင်း၍ သနားသည်။ ကျွန်တော် က ကျောင်းဘောလုံးအသင်း၊ အရပ်ဘောလုံးအသင်းတို့၌ သွားရောက်ကစားရန်ရှိသည့်အခါ “ တင်ဦးရေ ..... လာဦး၊ လာဦး ” ဟုသူ့အနားလှမ်းခေါ်ကာ ခရီးနီးဝေးလိုက်၍ ငွေတစ်ကျပ်မှ သုံးကျပ်အထိ မုန့်ဖိုးပေးတတ်သည်။ အခြားစကားထွေထွေထူးထူး မပြော။ တစ်ခါတစ်ရံတွင် “ တင်ဦး ငါ့ရုံးခန်းလာခဲ့ဦး” ဟုဆိုကာ ရောက်သွားသည့်အခါ “ ရော့ရော့ မင်းဗလာစာအုပ်ဝယ် ” ဟုပြောကာ ငွေငါးကျပ် စသည်မျိုး ပေးတတ်သည်။ (ထိုအခါ ထမင်းအဝစား တစ်ကျပ်၊ အရွက် (၄၀) ဗလာစာအုပ်တစ်ဒါဇင် လေးကျပ်၊ လေးကျပ်ခွဲ ဖြစ်၍ ဆရာပေးသည့် ပိုက်ဆံသည် မနည်းပါ။)

သို့ ဖြင့် တစ်နေ့တွင် တော့ ဆရာက “ မင်း ညကျရင် ငါနဲ့လာအိပ်ပါကွ ” ဟုပြောသဖြင့် ကျွန်တော် ဆရာနှင့် အတူ သွားအိပ်သည်။ ဆရာက အပ်ခန်းထဲ၌ အိပ်ပြီး ကျွန်တော့် အား စောင်၊ ခြင်ထောင် ထုတ်ပေးကာ ခေါင်းရင်းခန်းတွင် အိပ်စေပါသည်။

ထို့ကြောင့် ကျွန်တော် သည် ရွာ၏ တောင်ဘက်လမ်းရှိ ကျွန်တော့်အား

အင်္ဂလိပ်စာသင်ပေးသည့် ဆရာ့အိမ်တွင် ညဉ့် (၉)နာရီ (၁၀) နာရီ ခန့်အထိ သွားရောက်စာသင်၊ စာကျက်လုပ်ပြီးမှ မြောက်ဘက်လမ်းမှာ ရှိသည့် ဆရာ့အိမ်မှာ လာအိပ်ရသည်။

ဆရာသည် အရက်မသောက်၊ ဆေးလိပ်မသောက်၊ ကွမ်းမစားသူ ဖြစ်သောလည်း သရေစာ စားသူ ဖြစ်ရာ ဘီစကွတ် လေးထောင့်ပုံးနှင့် ပုံးလိုက်၊ ရွှေနီ၊ ဖီးကြမ်း စသည့် ငှက်ပျောသီး အခိုင်လိုက်၊ ထန်းဖိုဦးထန်းလျက် ပုံးလိုက်ဝယ်ထားကာ ကျွန်တော့် အားလည်း အချိန်မရွေး ကြိုက်သလောက်စားရန် ခွင့်ပြုထားပါသည်။

၁၉၅၉ ခုနှစ် ၊ ဇွန်လ (၆)ရက် (ဟုထင်သည်)၊ သတင်းစာထဲ၌ တက္ကသိုလ်ဝင်တန်း စာမေးပွဲအောင်စာရင်းပါရှိရာ ညနေတွင် ဆရာ ပျဉ်းမနားက ပြန်လာသည့်အခါ သူ့အိမ် မပြန်သေးဘဲ ကျွန်တော် ရှိရာ ကျွန်တော့် အင်္ဂလိပ်စာဆရာ ဦးအောင်သိန်းအိမ်သို့ ဝမ်းသာအားရဖြင့် အောင်စာရင်းကို လာပြပါလေသည်။ ပျဉ်းမနား စာစစ်ဌာန တစ်ခုလုံး၌ (၁၆)ဦးအောင်ရာ ကျွန်တော့် အမည် နှင့် ခုံအမှတ်လည်း ပါနေ၍ ဆရာဦးအောင်သိန်း နှင့် ဆရာကတော် ဒေါ်ဒေါ်သင်တို့ကလည်း ဝမ်းသာကြပါသည်။

ကျွန်တော် ဆယ်တန်းအောင်တော့ ဆရာက ပျဉ်းမနား သကြားစက်တွင် ငါ့သူငယ်ချင်းရှိသည်ဆိုကာ အုပ်ချုပ်ရေး အရာရှိ ဦးတင်စိုးထံ စာရေး ပေးပြီး ကျွန်တော့် ကို လွှတ်သဖြင့် ကျွန်တော် ပျဉ်းမနား သကြားစက်၌ အလုပ်လုပ် ဖြစ်သည်။ ကျွန်တော့် အား သူဝတ်သည့် ဘန်ကောက်လုံချည်ကို ပေးလိုက် ရာ ထိုလုံချည်ကလေးသည် အသုံးတည့်လှသည်။ တစ်နှစ် တွင် စာမေးပွဲကျကျန်ရစ်သူ သူငယ်ချင်း နှစ် ယောက် တို့က ကျွန်တော် နှင့် တစ်အိမ်တည်းအတူနေကာ ပျဉ်းမနားတွင် ကျောင်းတက်ရာ၌ လက်ကုန်ခါနီး သုံးစရာ ငွေပြတ်သွားသည့်အခါ သူငယ်ချင်းများ သည် ထိုလုံချည်ကို ယူ၍ အပေါင်ဆိုင်သို့ သွားသွားပေါင်ကြသည်။ ငွေတစ်ဆယ်ကျပ်တော့ ရပါပေ၏ ။ (ဂေါ်ရခါးဆိုင်က ပဲဟင်းဝယ်စားလျှင် (၃၅) ပြားဖိုးနှင့် တစ်ချိုင့်ရပါသည်။)

ဤသို့ သော နည်းဖြင့် ကျွန်တော့် အား မိဘလို စောင့်ရှောက်ခဲ့သူ ကျွန်တော် ဆရာသည် အပေါင်းအသင်းဆရာများ နှင့် မိတ်ဆွေများ က ဝိုင်းဝန်းပေးစားကြသည်နှင့် အိမ်ထောင်ကျပါသည်။ ပျော်ဘွယ်မှာ မြို့ နယ်ပညာရေး မှူး လုပ်နေရာမှ မန္တလေးတွင်

လက်ထောက်တိုင်းပညာရေး မှူး အ ဖြစ် သွားရောက်တာဝန်ထမ်းဆောင်ရင်း မန္တလေးမြို့ မှာ ပင် ပြောင်းရွှေ့နေထိုင် သွားပါသည်။

၁၉၈၀ ပြည့်နှစ် လွန် နှောင်းပိုင်းတစ်နှစ် ၏ သင်္ကြန်ရုံးပိတ်ရက်တွင် ဆရာသည် သာဝတ္ထိရသေ့တောင်ဘုရား၌ လာ၍ ဒုလ္လဘရဟန်းဝတ်သည်။ ကျွန်တော် တို့ လင်မယား ဆွမ်းသွားပို့ရင်း ကျန်းမာရေး အခြေအနေ မေးသည့်အခါ နည်းနည်း မောချင်သည်၊ ခြေဖမိုးလေးတွေ ရောင် နေသည်ဟု ပြောသည်။

ဆရာ ရဟန်းဝတ်နှင့် ရှိနေခိုက် ကျွန်တော် နေ့စဉ်လိုပင် ဆရာ့အား သွားရောက်ဖူးမြော်၍ ဝတ်ကြီးဝတ်ငယ်ပြုပေးရာ ဆရာက ဆယ်စောင်တွဲ စာအုပ်ကလေးထုတ်ကာ ဗောဇ္ဈင်သုတ်ရှိရာကို လှန်၍ ကျွန်တော့်အား ပြသည်။

"ဆရာကကွာ၊ ပါဠိတွေ ဘာတွေ မကျွမ်းတော့ ဌာန်ကရိုဏ်းကျအောင် မရွတ်တတ်ဘူး။ မင်း ဖတ်တတ်တယ်မဟုတ်လား၊ ဖတ်ပြ"

ဟုပြော၍ ကျွန်တော် က ဖြည်းဖြည်းနေးနေး အလွတ်ရွတ်ပြသည့်အခါ ဆရာက စာအုပ်ကိုကြည့်၍ လိုက်မှတ်၊ လိုက်ဖတ်ပါသည်။

နောက်နေ့များ တွင် လည်း -

"ဆရာ ဗောဇ္ဈင်သုတ်နာပါလား၊ ကျွန်တော် ရွတ်ပေးမယ်"

ပြောကာ ဗောဇ္ဈင်သုတ်ကို ကျွန်တော် လေးလေးစားစား ရွတ်ဖတ်သရဇ္ဈာယ်ပေးရာ ဆရာသည် ပရိတ်တော် ကို ရိုသေစွာ နာယူပြီးနောက် ဆုံးသွားသည့်အခါ -

"ကောင်းလိုက်တာကွာ၊ ဆရာ့ဝေဒနာတွေ သက်သာသွားပြီ"

ဟု ကြည်နူးစွာ ပြောပါသည်။

ဆရာသည် အလွန်လည်းရိုးပြန်၊ ကျောင်းဆရာလည်း ဖြစ်နေပြန်မို့ ဆင်းရဲစွာ ပင် နေသွားပြီး ယခုတော့ မရှိတော့ပါပေပြီ။ ကျွန်တော့် သူငယ်ချင်းဆရာကတော် ကလည်း

ဆုံးပြီး ဖြစ်ပါ၏ ။

ဆရာ့အား တွေ့သည့် နေရာတိုင်း ဝတ္တုပစ္စည်း ပါ၍ ဖြစ်စေ၊ မပါ၍ ဖြစ်စေ ကျွန်တော် ရှိခိုးကန်တော့ခဲ့ပါ၏ ။ ဆရာ မချမ်းသာသည်ကို ကျွန်တော် ကလည်း မွဲသူ ဖြစ်၍ စိတ်မကောင်းရုံသာ ဖြစ်ရပါ၏ ။

သို့ရာတွင် ကျွန်တော် လည်း သေမည့် ဘက်သို့ တဖြည်းဖြည်း နီးလာသည့် ယခုလို အခါမျိုးတွင် ဆရာ့အပေါ် ကျေးဇူး ဘယ်လို တုံ့ပြန်နိုင်ခဲ့သနည်းဟု အောက်မေ့ ဆင်ခြင်မိသော အခါ -

"ကောင်းလိုက်တာကွာ၊ ဆရာ့ဝေဒနာတွေ သက်သာသွားပြီ"

ဟူသော ဆရာ့စကားကို ပြန်လည်ကြားယောင်ရင်းသာ -

"အင်းလေ ..... ငါ့မှာ အဲဒီ ကုသိုလ်လေးတော့ ပြုလိုက်ရသေးတာပဲ"

ဟု နှစ် သိမ့် ရပါတော့သည်။

ကျွန်တော့် ဖခင်ရော ဆရာပါ မရှိတော့သည့် ယခုလိုအခါတွင် သူတို့ ရောက်ရာဘဝများ မှ သာဓုခေါ်နိုင်ရန် ဖော်ပြပါ ကုသိုလ်တို့ကို ဤဆောင်းပါးဖြင့် အမျှဝေ လိုက်ရပါတော့သတည်း။

နွယ်နီမဂ္ဂဇင်း၊ ၂၀၀၈၊ ဖေဖော်ဝါရီလ

♥ ♥ ♥